ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၇၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၆၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

### အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး ဖြစ်ပါတယ်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ အစည်းအဝေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ပါတီအစည်းအဝေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ အဘိုးဖြစ်သူ ရက်လည်ဆုတောင်းပွဲ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းမည့် မေးခွန်းများဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ သက္ကယ်ကျွန်းကျေးရွာအုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာ အုပ်စုအကြား ပေါ်ထွန်းလာသော မြေနုကျွန်း လုပ်ကိုင်ခွင့် အငြင်းပွားသည့်ကိစ္စအား စိုက်ပျိုးချိန်မတိုင်မီ ဆုံးဖြတ်ပေးနိုင်မှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးညွန့်လှိုင် က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ သက္ကယ်ကျွန်းကျေးရွာအုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာအုပ်စုအကြား ပေါ်ထွန်းလာသော မြေနုကျွန်းလုပ်ကိုင်ခွင့် အငြင်းပွားသည့်ကိစ္စအား စိုက်ပျိုးချိန်မတိုင်မီဆုံးဖြတ်ပေးနိုင်မှု ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ သက္ကယ်ကျွန်းကျေးရွာအုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာအုပ်စုအကြား ပေါ်ထွန်းလာသော မြေနုကျွန်း လုပ်ကိုင်ခွင့် အငြင်းပွားသည့်ကိစ္စနှင့်စပ်လျဉ်းပြီး ဖြေရှင်းဆုံးဖြတ်ပေးနိုင်မှု ရှိ/မရှိ ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်းဖြစ်ပေါ်လာရခြင်းရဲ့ အကြောင်းအရင်း အကျဉ်းကို ဦးစွာ တင်ပြခွင့်ပြုစေလိုပါတယ်။ ဇလွန်မြို့နယ် သက္ကယ်ကျွန်းကျေးရွာနှင့် တိုက်ကြီးမြို့နယ် ရေပေါ်သောင်ကျေးရွာတို့အကြား အငြင်းပွားမြေနုကျွန်းဟာ ဧရာဝတီမြစ်ရေနက်ကြောင်းအရ ဇလွန်မြို့နယ်အတွင်း တည်ရှိပြီး ရေပေါ်သောင်ကျေးရွာအုပ်စုဟာ အဆိုပါမြေနုကျွန်းနဲ့ ဧရာဝတီမြစ်တစ်ခုလုံး ပိုင်းခြားလျက်ရှိပါတယ်။ တိုင်းဒေသကြီး နယ်နိမိတ်နှင့် ဧရာဝတီမြစ်ရေနက်ကြောင်းအရ စီမံအုပ်ချုပ်ခွင့်ဟာ ဧရာဝတီတိုင်းဒေသကြီးရဲ့ နယ်နိမိတ်အတွင်း ကျရောက်နေကြောင်း သိရှိရပါတယ်။

မြေနုကျွန်းအငြင်းပွားမှုများကြောင့် ၂၀၁၂ ခုနှစ်မှာ၊ တိုက်ကြီးမြို့နယ် ရေပေါ်သောင်ကျေးရွာအုပ်စုမှ တောင်သူ (၆၀)ဦးခန့်တို့က အုပ်စုဖွဲ့ပြီး ဝင်ရောက်ကျူးကျော် အဓမ္မသိမ်းယူမှုများ၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဇလွန်မြို့နယ် သက္ကယ်ကျွန်းကျေးရွာအုပ်စုမှ တောင်သူများက ကိုင်းတဲ(၅)လုံး မီးရှို့ဖျက်ဆီးမှုများ၊ ပြောင်းစိုက်ခင်းတစ်ဧကအား ဖျက်ဆီးခြင်းများ၊ ယာတဲတစ်လုံး မီးရှို့ဖျက်ဆီးမှုများနှင့် စိုက်ပျိုးသီးနှံများကို လုယက်ဖျက်ဆီးမှုများ စသည်ဖြင့် အပြန်အလှန်တုံ့ပြန်မှုများ ဖြစ်ပျက်ခဲ့ရပါတယ်။ မြေနုကျွန်း အငြင်းပွားမှုနှင့်ပတ်သက်ပြီး နှစ်ဖက်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များ ဆောင်ရွက်ခဲ့ကြသော်လည်း အဆင်ပြေမှုမရှိ၍ တိုင်းဒေသကြီး နှစ်ခုအကြား အုပ်ချုပ်မှုနယ်နိမိတ်ပိုင်းခြားခြင်း၊ မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားခြင်းကို ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ

ဆုံးဖြတ်ပေးရန် လိုအပ်လာပါသဖြင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြခဲ့ပါတယ်။

ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ၃-၁-၂၀၁၄ ရက်နေ့မှာ ကျေးတိုင်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှစ်ဖက်တိုင်းဒေသကြီး အစိုးရအဖွဲ့များ ဦးဆောင်တဲ့အဖွဲ့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ဆုံးဖြတ်နိုင်ရေးအတွက် တိုင်းခြားနယ်နိမိတ်လမ်းကြောင်း ဖော်ထုတ်ရန် လိုအပ်သဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ အကူအညီဖြင့် နယ်နိမိတ်တိုင်းတာဖော်ထုတ်ရန်၊ ယင်းသို့ ဆောင်ရွက်ရာမှာ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြပြီး ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ဖြေရှင်းပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့တင်ပြပါ မြေနုကျွန်း အငြင်းပွားမှုနှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၂၀၁၅ ခုနှစ်၊ မတ်လမှာ အခြေအနေတင်ပြပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ သို့ပါ၍ မြေနုကျွန်းလုပ်ပိုင်ခွင့် အငြင်းပွားသည့်ကိစ္စအား စိုက်ပျိုးချိန်မတိုင်မီ ဆုံးဖြတ်ပေးနိုင်မှု ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သံဖြူဇရပ်မြို့နယ်၊ မြို့နယ်မြေစာရင်းမှူး၏ မမှန်မကန်လုပ်ရပ်ကြောင့် တောင်သူများ နစ်နာနေခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က သံဖြူဇရပ်မြို့နယ်၊ မြို့နယ်မြေစာရင်းမှူး၏ မမှန်မကန် လုပ်ရပ်ကြောင့် တောင်သူများနစ်နာနေခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ အောက်ပါမေးခွန်းကို မေးမြန်းသွားပါမည်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ သံဖြူဇရပ်မြို့နယ်၊ မြေစာရင်းဦးစီးမှူးသည် လာဘ်ပေးလာဘ်ယူမှုကို လက်ရဲဇက်ရဲစွာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။ အမှား/အမှန်ကို မခွဲခြားဘဲ ငွေများများပေးနိုင်တဲ့လူကိုသာ အနိုင်ပေးလေ့ရှိသောကြောင့် တောင်သူများ များစွာ နစ်နာနေကြပါတယ်။ မြေယာမှုခင်းဖြစ်ပေါ်နေသောအချိန်တွင် ပုံစံ(၇)ထုတ်ပေးလို့ မရသည်ကို သိရှိနေသော်လည်း ငွေများများပေးပါက ပုံစံ(၇) ထုတ်ပေးသည်ကို ကြားသိရပါတယ်။ မြေယာမှုခင်း ဖြေရှင်း

ရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းခြင်းမရှိဘဲ ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖြေရှင်းလျက်ရှိပါတယ်။ မြို့နယ်မြေစာရင်း၏ လုပ်ရပ်ကြောင့် တောင်သူများ နစ်နာမှုမရှိစေရန် ရည်ရွယ်၍ အမျိုးသားလွှတ်တော် နှင့် ပြည်နယ်လွှတ်တော်(၂)ဦး ပူးပေါင်း၍ ၄-၁၂-၂၀၁၄ ရက်နေ့တွင် ဥက္ကဋ္ဌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့ တိုင်ကြားသော်လည်း ထူးခြားမှုမရှိပေ။

ထို့ကြောင့် ၎င်းမြို့နယ် မြေစာရင်းဦးစီးမှူးကို သေချာစိစစ်ပြီး အရေးယူ အပြစ်ပေးရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရာဘာခြံတောင်သူများကိုယ်စား ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုရင်းနဲ့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်ဝပါစေကြောင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။

ပထမအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် ဦးညွန့်လှိုင် ရဲ့ မေးခွန်းများအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာအုပ်စုနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သက္ကယ်ကျွန်းကျေးရွာအုပ်စုအကြား မြေနုကျွန်း အငြင်းပွားမှု ဖြစ်သည့်နေရာဟာ နှစ်ဖက်တိုင်းဒေသကြီး နှစ်ခုရဲ့ ဆက်စပ်နယ်မြေအတွင်းမှာ ဖြစ်ပွားခြင်း ဖြစ်ပါတယ်။

အငြင်းပွားမှု ဖြစ်တဲ့အပေါ်မှာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ ရန်ကုန်တိုင်းဒေသကြီး၊ လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီး၊ လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့တို့က သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်သွားကြရန် ဗဟို လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ရဲ့ ၁၉-၁၁-၂၀၁၃ နေ့ ရက်စွဲပါစာအမှတ်၊ ၁၂/လယ- ၃၅ (၀၇၆/၂၀၁၃)ဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများ ရာသီအချိန်မီ၊ အချိန်ကိုက် စိုက်ပျိုးရမည့်ကာလဖြစ်၍ တိုင်းဒေသကြီးအစိုးရများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် အချိန်မီ နှစ်ဖက်ကွင်းဆင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ ၃-၁၂-၂၀၁၃ ရက်နေ့ရက်စွဲပါစာအမှတ်၊ ၁၂/လယ- ၃၅ (၀၈၀/၂၀၁၃)ဖြင့်လည်းကောင်း နှစ်ဖက်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို အကြောင်းကြားထားခဲ့ပါတယ်။ အငြင်းပွားမှုနှင့်စပ်လျဉ်းပြီး ဗဟိုလယ်ယာမြေ

စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီး နှစ်ဖက်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး နှင့် မွေးမြူရေးဝန်ကြီးများ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ နှစ်ဖက်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့်အတူ ၂-၁-၂၀၁၄ ရက်နေ့မှာ တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာအုပ်စုသို့လည်းကောင်း၊ ၃-၁-၂၀၁၄ ရက်နေ့မှာ ဇလွန်မြို့နယ်၊ သက္ကယ်ကျွန်းကျေးရွာများသို့လည်းကောင်း သွားရောက်၍ တောင်သူများနှင့်တွေ့ဆုံ ကာ အငြင်းပွားသည့် မြေနုကျွန်းမြေများအား မြေပြင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ပါတယ်။

မြေနုကျွန်း အငြင်းပွားရခြင်းရဲ့ အဓိကအကြောင်းအရင်းက နှစ်ဖက်တိုင်းဒေသကြီးအကြား အုပ်ချုပ်ရေးနယ်နိမိတ်များ တိကျစွာ သတ်မှတ်ပေးထားခြင်း မရှိသောကြောင့်ဖြစ်ကြောင်း စိစစ်တွေ့ရှိ ရသဖြင့် တိုင်းကြားအုပ်ချုပ်ရေးနယ်နိမိတ်ကို မြေပြင်တွင် တိကျစွာဖော်ထုတ်ပြသနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၇-၁-၂၀၁၄ ပါ စာအမှတ်၊ ၃/ယ ၃၅ (၀၀၈/၂၀၁၄)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လမ်းညွှန်မှု ပြုနိုင်ဖို့အတွက် တင်ပြခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအကြား အုပ်ချုပ်ရေးနယ်နိမိတ် တိုင်းတာရေးဆောင်ရွက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ်နှင့် ဆောင်ရွက်တဲ့ အဖွဲ့ဝင်(၆)ဦးပါဝင်တဲ့ အုပ်ချုပ်ရေးနယ်နိမိတ် တိုင်းတာရေးအဖွဲ့ ဖွဲ့စည်း တာဝန်ပေးအပ်နိုင်ရေးတင်ပြခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကလည်းပဲ ၂၈-၁၁-၂၀၁၄ ရက် နေ့ ရက်စွဲပါစာအမှတ်၊ ၃၁၇၈/၃၀၂ - အဖွဲ့အစည်း၁-၁၁/ အဖရ(၂၀၁၄) ဖြင့် အတည်ပြု ဖွဲ့စည်းပေးခဲ့ ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တဲ့ အဖွဲ့ဝင်(၆)ဦးပါ အုပ်ချုပ်ရေးနယ်နိမိတ် တိုင်းတာရေးအဖွဲ့ဟာ ၇-၇-၂၀၁၄ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာအုပ်စုနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သက္ကယ် ကျွန်းကျေးရွာအုပ်စုအကြား မြေနုကျွန်း အငြင်းပွားမှုအပေါ် မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါတယ်။ တင်ပြမှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၁၆-၉-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၂၃၅၇/ ၃၀၂ - မြေနုကျွန်း ၁-၁၃/အဖရ (၂၀၁၄) ဖြင့် အုပ်ချုပ်ရေးနယ်နိမိတ် တိုင်းတာဆောင်ရွက်သွားရန်နှင့် အုပ်ချုပ်ရေးနယ်နိမိတ် တိုင်းတာ သတ်မှတ်ပြီးပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေ စီမံခန့်ခွဲမှု အဆင့်ဆင့်မှ မြေနုကျွန်း ခွဲဝေချထားပေးခြင်းကို တိကျမှန်ကန်စွာ ဆက်လက်ဆောင်ရွက်သွားရန် လမ်းညွှန်မှု ပြုခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားတဲ့အတိုင်း ကွင်းဆင်းစစ်ဆေးနိုင်ရေးအတွက် ပြည်ထဲ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာစိုက်ပျိုးမွေးမြူရေးဝန်ကြီးများပါဝင်တဲ့ အဖွဲ့ဝင်(၉)ဦးနှင့် အုပ်ချုပ်ရေး နယ်နိမိတ် ကွင်းဆင်းတိုင်းတာသတ်မှတ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခဲ့ရာမှာ လုပ်ထုံးလုပ်နည်းနှင့်အညီ

ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားခဲ့သဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၉-၁၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ပထရ/၂-၃ (၃၈၆၆)/ထောက် ၂ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်အပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေနဲ့ အောက်ပါအတိုင်း ဖြေကြားထားရှိပါတယ်။ ၂၉-၄-၂၀၁၅ ရက်နေ့ ကျင်းပပြုလုပ်တဲ့ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ် (၂၄) အရ မြို့နယ်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တို့မှ သက်ဆိုင်ရာ တောင်သူများ၏ အုပ်ချုပ်မှုနယ်နိမိတ် တိုင်းတာမှုအပေါ် သဘောတူညီပါကြောင်း၊ လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး နှစ်ခုအကြား အုပ်ချုပ်မှုနယ်နိမိတ် တိုင်းတာရေးအဖွဲ့လုပ်ငန်း ဆောင်ရွက်ရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ ယခုအခါ ဧရာဝတီမြစ်ရေဟာ အငြင်းပွားမြေနုကျွန်းရဲ့ နယ်နိမိတ်ကို ရောက်ရှိ ဖုံးလွှမ်းနေသဖြင့် မိုးဆက်လက်ရွာသွန်းပါက မြေနုကျွန်းဟာ ရေလွှမ်းပြီးတိုင်းတာရန် မဖြစ်နိုင်ပါ ကြောင်း၊ ကျွန်းအားလုံးဧရိယာ မြေပြန်ပေါ်မယ့်အချိန်မှသာ တိုင်းတာဆောင်ရွက်နိုင်မည် ဖြစ်ပါ ကြောင်း၊ အုပ်ချုပ်ရေးနယ်နိမိတ် ပိုင်းခြားပြီးမှသာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်က မြေနုကျွန်းလုပ်ကိုင်ခွင့် အငြင်းပွားသည့်ကိစ္စ များအား ဆုံးဖြတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါမြေနုကျွန်း အငြင်းပွားမှုကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ နှစ်ဖက်တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့က ဖြေကြားခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်အပေါ်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ဖြေကြားချက်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ သက္ကယ်ကျွန်း ကျေးရွာ အုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာ အုပ်စုတို့အကြား ပေါ်ထွန်းလာတဲ့ မြေနုကျွန်းလုပ်ကိုင်ခွင့် အငြင်းပွားမှုကိစ္စနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးက ၁၁-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၄၁၇/၃၀၂ ဖွဲ့စည်း ၁-၁၃ /အဖရ (၂၀၁၅) ဖြင့် အကြောင်းကြားခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အကြောင်းကြားစာပါ ဆုံးဖြတ်ချက်ကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများကို အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း လက်ရှိမြေပြင်မှာ ၂၀၁၂-၂၀၁၃ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့မှ နှစ်ဖက် တာဝန်ရှိသူပုဂ္ဂိုလ်များရဲ့ ညှိနှိုင်းဆွေးနွေးမှုအရ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ သက္ကယ်ကျွန်းကျေးရွာအုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာအုပ်စုတို့မှ မြေနုကျွန်းခွဲဝေ သတ်မှတ်ထားသည့်အတိုင်း တောင်သူများမှ ဆက်လက်လုပ်ကိုင်လျက်ရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။

နယ်နိမိတ်တိုင်းတာ သတ်မှတ်ပေးနိုင်ဖို့အတွက် လက်ရှိမြေပြင်ပေါ်မှာ ပေါ်ပေါက်လာမယ့် အုပ်ချုပ်ရေးနယ်နိမိတ်မျဉ်းအပေါ် နှစ်ဖက်တိုင်းဒေသကြီးများမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူ များ သဘောတူလက်ခံနိုင်မှုရရှိရေး ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ချက်အရ နယ်နိမိတ် တစ်လျှောက် နယ်နိမိတ်မှတ်တိုင်များစိုက်ထူရန်နှင့် ကွင်းဆင်းတိုင်းတာခြင်း ကုန်ကျစရိတ်၊ လုပ်အားခ၊ သယ်ယူပို့ဆောင်ခများအတွက် ကုန်ကျမည့်ခန့်မှန်းကုန်ကျစရိတ်တင်ပြတောင်းခံချက်များ ဆောင်ရွက်

လျက်ရှိပြီး ဒေသခံတောင်သူများ၊ ဒေသစွဲ၊ နေရာစွဲ ကြီးမားသဖြင့် မြေပြင်ကွင်းဆင်း တိုင်းတာရာမှာ မလိုလားအပ်တဲ့ပြဿနာများ ပေါ်ပေါက်မှုမရှိစေဖို့အတွက် ဒေသခံတောင်သူများ၏ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုရရှိရန် လိုအပ်ချက်များရှိနေပါတယ်။

ထို့အပြင် လက်ရှိမြေပြင်ပေါ်မှာ ရေများဖုံးလွှမ်းလျက်ရှိသဖြင့် မြေပြင်ကွင်းဆင်း တိုင်းတာခြင်းလုပ်ငန်းကို ရေပြန်ကျချိန်မှသာ တိုင်းတာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အငြင်းပွား မြေနုကျွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် တိုင်းဒေသကြီးဝန်ကြီး(၅)ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၊ ခရိုင်/မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်/မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များဟာ ၁၄-၇-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့၊ ငွေဥဒေါင်းခန်းမမှာ တွေ့ဆုံညှိနှိုင်းခဲ့ပြီး အောက်ပါအတိုင်း နှစ်ဖက်သဘောတူညှိနှိုင်းခဲ့ကြပါတယ်။ တိုင်းဒေသကြီးနှစ်ခုအကြား တိုင်းကြားနယ်အုပ်ချုပ်မှုနယ်နိမိတ် တိုင်းတာမသတ်မှတ်ရသေးမှီ ရေကျချိန်တွင်ပေါ်လာမယ့် အငြင်းပွားမြေနုကျွန်း(၇၀)ဧကခန့်အား မြေယာဆုံးရှုံးမှု မရှိစေရေးအတွက် တစ်ဝက်စီခွဲဝေ၍ တောင်သူများအား စိုက်ပျိုးစေရန်။ ၁၉၉၉ ခုနှစ်၊ ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာပါ အုပ်ချုပ်ရေးနယ်နိမိတ်အတိုင်း သတ်မှတ်သင့်ကြောင်းနှင့် ပြည်ထောင်စုမှ အတည်ပြုတိုင်းတာ သတ်မှတ်ပြီးပါက စာရင်း၊ မြေပုံများအား နှစ်ဦးနှစ်ဖက် စနစ်တကျ လွှဲပြောင်းလက်ခံ ဆောင်ရွက်ကြရန်။ ဧရာဝတီတိုင်းဒေသကြီးမှ ထုတ်ပေးထားသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို စနစ်တကျ လွှဲပြောင်းလက်ခံရန်၊ အငြင်းပွားမြေနုကျွန်းမြေများဖြစ်၍ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထပ်မံထုတ်ပေးခြင်းမပြုရန်။ တိုင်းဒေသကြီးနှစ်ခုအကြား တိုင်းကြားအုပ်ချုပ်မှုနယ်နိမိတ် တိုင်းတာရာမှာ ကုန်ကျမည့်ခန့်မှန်း ကုန်ကျစရိတ်(၁၅၂)သိန်းအား တိုင်းဒေသကြီးနှစ်ခုမှ တစ်ဝက်စီ အချိုးကျ ကျခံစေရန်။

သို့ဖြစ်ပါ၍ အုပ်ချုပ်ရေးနယ်နိမိတ်တိုင်းတာရေးအဖွဲ့များမှ နယ်နိမိတ်ကွင်းဆင်း တိုင်းတာပြီးပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ မြေနုကျွန်းခွဲဝေချထားပေးခြင်းကို အသေးစိတ်တိကျမှန်ကန်စွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် ဆက်စပ် ပတ်သက်လျက်ရှိတဲ့ နိုင်ငံသားအားလုံး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၂-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၂/၂၀၁၂ ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး၊ လယ်ယာမြေဥပဒေပုဒ်မ ၁၆(က)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၆-၁၀-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၂ ဖြင့် အဆင့်ဆင့်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး ၂/၂၀၁၂ ဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်းတို့နှင့်စပ်လျဉ်းပြီး လယ်ယာမြေဥပဒေပုဒ်မ ၂၂ မှ ၂၅ အထိ ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့အပြင် လယ်ယာမြေနှင့် ဆက်စပ် ပတ်သက်လျက်ရှိတဲ့ နိုင်ငံသားအားလုံး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်/ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ကို အဖွဲ့ဝင်(၅)ဦးစီဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် အဖွဲ့ဝင်(၁၀)ဦးစီဖြင့်လည်းကောင်း၊ အဆင့်ဆင့်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး လယ်ယာမြေအငြင်းပွားမှု ကိစ္စရပ်များကို ပြီးပြတ်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လက်ရှိ အသုံးပြုခွင့်ရရှိထားတဲ့ လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ကို လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅ တို့မှာ ပြဋ္ဌာန်းထားရှိတဲ့အတိုင်း ဥပဒေပုဒ်မ ၆ အရ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်းပြီး တစ်ဦးထက်ပိုသူတို့က လယ်ယာမြေလုပ်ကွက်တစ်ခုအတွက် လျှောက်ထားသော လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်လွှာများကို လယ်ယာမြေနည်းဥပဒေ ၈ အရလည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်အား ကန့်ကွက်နိုင်ကြောင်းကိုလည်း လယ်ယာမြေနည်းဥပဒေ ၉ အရလည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်/ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့မှ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းတို့ကို ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ စိစစ်၍ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လယ်ယာမြေနည်းဥပဒေ ၁၅ မှာ လယ်ယာမြေနည်းဥပဒေ အာဏာမတည်မီ တည်ဆဲဥပဒေအရ စိစစ်ဆောင်ရွက်လျက်ရှိသော မြေယာမှုခင်းများနှင့် စပ်လျဉ်းပြီး ယင်းမှုခင်းများ အပြီးအပြတ်ဖြစ်သည့် အခါမှသာ သက်ဆိုင်ရာ လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဟု အတိအကျ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

ယင်းသို့ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ပြုလုပ်ရာတွင် သတ်မှတ်ထားသည့် မှတ်ပုံတင်ထားသည့် မှတ်ပုံတင်ကြေး (၅၀၀)မှ တစ်ပါး အခြားတရားမဝင် ငွေကြေးကောက်ခံမှုများ မဖြစ်ပေါ်စေဖို့အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက အောက်ခြေအဖွဲ့ အဆင့်ဆင့်သို့ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ပေးသွားနိုင်ရန်နှင့် ငွေကြေးကောက်ခံတောင်းယူမှုများ ဖြစ်ပေါ်လာပါက ထိထိရောက်ရောက်ဖော်ထုတ် အရေးယူဆောင်ရွက်ပေးသွားရန် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ ၁၁-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၀/လယ-၁၆ (၀၀၅/၂၀၁၃)ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အားလုံးထံသို့ အတိအကျ အကြောင်း ကြားထားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ ကိစ္စရပ်နှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ မွန်ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တရားလိုပြုလုပ်ကာ ဦးမြင့်ထွန်း၊ သံဖြူဇရပ်မြို့နယ်

မြေစာရင်းဦးစီးဌာနမှူး၊ ဦးညီညီဇော်၊ လက်ထောက်ဦးစီးမှူးနှင့် ဦးဇေယျာလင်း၊ မြေတိုင်း-၄ တို့အား ၁၉-၅-၂၀၁၅ ရက်နေ့မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၄၆၈၊ ၄၇၁/၁၀၉ တို့ဖြင့် သံဖြူဇရပ်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့ရာ တရားရုံးပြစ်မှုကြီးအမှတ်၊ ၉၄/၂၀၁၅ ဖြင့် အမှုစစ်ဆေးဆောင်ရွက်လျက် ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၁၇၀-က)အရ ၎င်းတို့အား တရားစွဲဆိုခံရသည့် ၁၉-၅-၂၀၁၅ ရက်နေ့မှစ၍ တာဝန်မှ ယာယီရပ်ဆိုင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ သံဖြူဇရပ်မြို့နယ်၊ မြို့နယ် မြေစာရင်း မှူးရဲ့ မမှန်မကန်လုပ်ရပ်ကြောင့် တောင်သူများနစ်နာနေခြင်းနှင့် စပ်လျဉ်းပြီး နေပြည်တော် ကောင်စီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်များကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် စပ်လျဉ်းပြီး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ ပကတိအခြေအနေမှန်နှင့် တိုက်ဆိုင် စစ်ဆေးပြီး မှန်ကန်တရားမျှတစွာ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး တရားမဝင်ငွေကြေး ကောက်ခံ တောင်း ယူမှုများ ဖြစ်ပေါ်လာပါက နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ထိထိရောက် ရောက် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရာတွင် ယခင်မြန်မာနိုင်ငံတွင်ရှိသော လူမျိုးများဟု သတ်မှတ်ထားသော လူမျိုး၊ လူမျိုးစု အမည်များတွင် ပါဝင်ခြင်း မရှိသော လူမျိုးစုကိစ္စကို နိုင်ငံတော်မှ မည်သို့ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် ယခင်မြန်မာနိုင်ငံတွင်ရှိသော လူမျိုးများဟု သတ်မှတ် ထားသော လူမျိုး၊ လူမျိုးစု အမည်များတွင် ပါဝင်ခြင်းမရှိသော လူမျိုးစုကိစ္စကို နိုင်ငံတော်မှ မည်သို့ ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၂၉ ။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဗင်သာဘိတ် အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင် သော အချက်များမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရာတွင် ယခင်မြန်မာနိုင်ငံတွင်ရှိသော လူမျိုးများဟု သတ်မှတ်ထားသော လူမျိုး၊ လူမျိုးစု အမည်များတွင် ပါဝင်ခြင်းမရှိသော လူမျိုးစုကိစ္စကို နိုင်ငံတော်မှ မည်သို့ ဆက်လက် ဆောင်ရွက်မည်ကို မေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူမျိုးကြီး(၈)မျိုး၊ လူမျိုးစုပေါင်း(၁၃၅)မျိုး ရှိကြောင်းကို တွေ့ရပါတယ်။ ၎င်းထဲမှာ ကျွန်တော်တို့ ချင်းလူမျိုးစုဟာ(၅၃)မျိုး၊ ကချင်လူမျိုးစု (၁၂)မျိုး၊ ကယားလူမျိုးစု(၉)မျိုး၊ ကရင်(၁၁)မျိုး၊ မြန်မာ(၉)မျိုး၊ မွန်(၁)မျိုး၊ ရခိုင်(၇)မျိုးနဲ့ ရှမ်း(၃၃) မျိုးများဖြစ်ကြောင်းကို ကျွန်တော်တို့ တွေ့ရပါတယ်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရာမှာ အချို့သော မြို့နယ်များ၊ ကျွန်တော်တို့ ချင်း ပြည်နယ် အပါအဝင် မြန်မာစာ တတ်မြောက်ခြင်းမရှိသော ဒေသများရှိနေပြီး သန်းခေါင်စာရင်း ပုံစံ ဖြည့်စွက်ရာမှာလည်း သူများရေးပေးတာမျိုးရှိတဲ့အတွက် လွဲချော်မှုများလည်း အများကြီးရှိနိုင်တယ် လို့ ထင်မြင်ယူဆရပါတယ်။ ထို့အပြင် ယခုလို ဖြည့်စွက်ရာ၌ ယခင်လူမျိုး၊ လူမျိုးစုထဲ ပါဝင်မှုမရှိဘဲ လူမျိုးသီးသန့်၊ လူမျိုးစုသီးသန့် ထပ်မံပေါ်ပေါက်လာတာကို တွေ့ရှိရပါတယ်။ ဥပမာ ကျွန်တော်တို့ ချင်း လူမျိုးစု(၅၃)မျိုးထဲမှ မပါသော အခေါ်အဝေါ် (ဇိုမီး) လိုမျိုး၊ အခြားပြည်နယ်များမှာလည်း ရှိနိုင်တယ်လို့ သုံးသပ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းလူမျိုးစု (၅၃)မျိုးထဲမှာ (ဇို) အမည်သာရှိပြီးတော့ (ဇိုမီး) ဆိုတာ မပါကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အစိုးရ၏ကြေညာချက်မှာ လူမျိုးစုဖြည့်ရန်အကွက်တွင် လွတ်လွတ် လပ်လပ်မိမိလူမျိုးစုကို ထည့်နိုင်တယ်လို့ ညွှန်ကြားမှုရှိခြင်းကြောင့် (ဇိုမီး) ဆိုသော အမည်ကို ထည့်ခွင့်ရှိ ကြောင်းကို လေ့လာကြားသိရပါတယ်။

အဲဒီလို ခွင့်ပြုမှုကြောင့် လူမျိုးစု(၁၃၅)မှ လူမျိုးစု(၆၀၀)(၇၀၀)ထိရှိတယ်လို့ ကြားသိရပါ တယ်။ ဆိုလိုတာကတော့ သန်းခေါင်စာရင်း မေးခွန်းလွှာမှာ လူမျိုး Code နံပါတ် (၉၁၄)အခြားဆိုတဲ့ ကိစ္စပဲဖြစ်ပါတယ်။ ဒီ Code နံပါတ်(၉၁၄)ရဲ့ အခြားနံပါတ်ကြောင့် လူမျိုးတစ်မျိုးကို နှစ်မျိုးဖြစ်သွားတဲ့ သဘောသက်ရောက်ပြီး ကျွန်တော်တို့ ချင်းပြည်နယ်အတွက်ဆိုရင် စိတ်ဝမ်းကွဲမှု၊ ကန့်ကွက်မှု၊ တိုင်ကြားမှု အထိပေါ်ပေါက်နေရကြောင်းကို တွေ့ရှိရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ (ဇိုမီး) ဟု ခေါ်ဝေါ်မှု အကြောင်းရင်းက အချို့သော သူတို့အနေနဲ့ ချင်းနာမည် မခံချင်ဘူးဆိုတဲ့ အယူအဆထိ ဖြစ်ပြီးတော့ တစ်နည်းအားဖြင့် ချင်းလူမျိုးမခံချင်တဲ့ သဘောဆောင်နေကြောင်းကိုလည်း ကြားနေရပါ တယ်ခင်ဗျား။ ဒီလို ကွဲလွဲမှုမျိုးစုံ ကိစ္စကို ၂၀၁၄ ခု၊ မေလ(၂၉)ရက်နေ့ ပြည်မသန်းခေါင်စာရင်း ရလဒ်ထုတ်ပြန်ခြင်း အခမ်းအနားမှာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မှ ၂၀၁၆ ခုနှစ်အတွင်းမှသာ သက်ဆိုင်ရာ လူမျိုး တိုင်းရင်းသားအဖွဲ့အစည်းနဲ့ ပြန်လည်ညှိနှိုင်း တိုင်ပင်ပြီးမှသာ ထုတ်ပြန်နိုင်မယ်ဖြစ်ကြောင်း ပြောကြား ခဲ့တယ်လို့ ကျွန်တော် ကြားသိရပါတယ်။

သို့သော် ဒီမေးခွန်းဟာ ၎င်းမတိုင်ခင် တင်ပြထားတဲ့ မေးခွန်းဖြစ်တဲ့အတွက် ထပ်မံ၍ ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံလုံး ပြည်နယ်နဲ့ တိုင်းမှာ နေထိုင်ကြတဲ့ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများမှ မိမိလူမျိုးစု အမည်ထည့်ထားရာမှာ နာမည်သစ် ပေါ်ထွန်းလာပြီး ကျွန်တော်တို့ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်အတွင်း လူမျိုးစု၊ နာမည်အသစ် (ဇိုမီး) အမည် များကဲ့သို့ အခြားတိုင်းနဲ့ ပြည်နယ်မှာလည်း ပေါ်ပေါက်မယ်ဖြစ်တဲ့အတွက် ၎င်းကိစ္စရပ်များကို နိုင်ငံတော် အစိုးရမှ ဘယ်ပုံဘယ်နည်း ကိုင်တွယ်ဖြေရှင်းပေးရမှာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။

ချင်းပြည်နယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် မှ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် ယခင်မြန်မာနိုင်ငံတွင်ရှိသော လူမျိုးများဟု သတ်မှတ်ထားသော လူမျိုး၊ လူမျိုးစု အမည်များတွင် ပါဝင်ခြင်းမရှိသော လူမျိုးစုကိစ္စကို နိုင်ငံတော်မှ မည်သို့ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုစာရင်းများ သတ်မှတ်ပြုစုရာမှာ ၁၉၃၁ ခုနှစ်၊ ဗြိတိသျှကိုလိုနီလက်ထက် သန်းခေါင်စာရင်းကောက်ယူရာမှ ဖော်ထုတ်တွေ့ရှိသည့် လူမျိုးစု စာရင်းအရ လည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ်တွင် ကောက်ယူရရှိသည့် လူမျိုးစုစာရင်းအရ လည်းကောင်း၊ ၁၉၆၀ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ အကြံပြုချက်များအရလည်းကောင်း၊ ၁၉၇၂ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၊ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ညှိနှိုင်းချက်အရလည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုစာရင်းအား အဆင့်ဆင့်စစ်ဆေးဖော်ပြခဲ့ကြောင်း လေ့လာတွေ့ရှိသည့် အချက်အရလည်းကောင်း၊ ၁၉၇၃ ခုနှစ်၊ ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် လည်းကောင်း၊ ၁၉၈၃ ခုနှစ်၊ ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် လည်းကောင်း၊ တိုင်းရင်းသား လူမျိုးစု(၁၃၅)မျိုးကို အခြေခံ၍ ဂဏန်းသင်္ကေတများ ပြုစုခဲ့ကြောင်း အထောက်အထားများအရ တွေ့ရှိရကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှာ ယခင်က အတည်ပြု၍ အသုံးပြုခဲ့သော တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးစာရင်းကို ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအပေါ် အခြေခံပြီးတော့မှ လက်ရှိသတ်မှတ်ချက်အရ တိုင်းရင်းသားလူမျိုးကြီး(၈)မျိုးနှင့် မျိုးနွယ်စု(၁၃၅)မျိုးကို ကွဲလွဲမှုများရှိနိုင်၍ လူမျိုးအမှန်ကို ပြင်ဆင်နိုင်ရန်အတွက် လူမျိုးစာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ပါတယ်။ အိမ်ထောင်စုနှင့် မှတ်ပုံတင်တွင်ရှိ လူမျိုးအမည်အား ရေးသွင်းခဲ့ခြင်းမဟုတ်ဘဲ ဖြေဆိုသူ ကာယကံရှင်မှ ပြောကြားသည့်အတိုင်း ရေးသွင်းကောက်ယူခဲ့ခြင်းဖြစ်ပါတယ်။ လူမျိုးအမည် ရွေးချယ်ခြင်းဟာ

တိုင်းရင်းသားတို့၏ ရပိုင်ခွင့်နှင့် ကိုယ်ပိုင်အခွင့်အရေးဖြစ်တဲ့အတွက်ကြောင့်မို့လို့ လူမျိုးနှင့် ပတ်သက်သော မေးခွန်းအား ဖြေဆိုသူ၏ စိတ်ဆန္ဒအရ လွတ်လပ်စွာ ပြောဆိုခွင့်ရှိခြင်းကြောင့် ဖြေဆိုသူမှ ပြောကြားသည့်အတိုင်း ရေးသွင်းခဲ့ခြင်းဖြစ်ပါတယ်။ လူမျိုးအမည်အသစ်ကိုဖြေဆိုပါက အလိုလိုစာရင်းဝင်သွားမည်ဖြစ်ပြီး မဖြေပါက အလိုလို စာရင်းပယ်ဖျက်သွားမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သန်းခေါင်စာရင်းခေါ်ယူရရှိမှုအပေါ်မူတည်ပြီးတော့မှ လူမျိုးစု စာရင်းအားအသေးစိတ်ပြုစုပြီးက လူမျိုး(၁၃၅)မျိုးမှ ဆက်လက်ပါရှိလာမည့် လူမျိုး၊ လူမျိုးစုများ၊ တိုးပွားလာသည့် လူမျိုး/လူမျိုးစုများ၊ ပျောက်ကွယ်သွားသည့် လူမျိုး/လူမျိုးစုများ စာရင်းကြမ်းအား ရရှိလာမည်ဖြစ်ပါတယ်။ ထိုရရှိလာတဲ့ လူမျိုး/လူမျိုးစု အမည်စာရင်းကြမ်းများအား သက်ဆိုင်ရာ လူမျိုးစုကိုယ်စားလှယ်များ အပါအဝင် လိုအပ်ဆက်စပ်သော အဖွဲ့အစည်းများဖြင့် အကျေအလည် ထပ်မံညှိနှိုင်း ဆွေးနွေးသွား မည်ဖြစ်ပါတယ်။ ၎င်းနောက်မှသာ ရရှိလာသော အဖြေများအပေါ်မူတည်၍ အထက်အဆင့်ဆင့်သို့ တင်ပြ၍ ထုတ်ပြန်ရမည်ဖြစ်ပါတယ်။ ၎င်းကိစ္စအား သန်းခေါင်စာရင်း စတင်ကောက်ယူစဉ်ကပင် အတိအလင်း ကြိုတင်ထုတ်ပြန် ကြေညာထားပြီးဖြစ်ကြောင်းလည်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှ လမ်းမြေအဖြစ် အသုံးပြုခဲ့သော ဥယျာဉ်ခြံမြေများနှင့် လယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်ရန် မည်သို့သော အကြောင်းကြောင့် ကြန့်ကြာနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး က ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှ လမ်းမြေအဖြစ် အသုံးပြုခဲ့သော ဥယျာဉ်ခြံမြေများနှင့် လယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်ရန် မည်သို့သော အကြောင်းကြောင့် ကြန့်ကြာနေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်တောင်းပါ။

**အချိန်၊ ၁၀း၃၇။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနဲ့တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရာမှာ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှ လမ်းမြေအဖြစ် အသုံးပြုခဲ့တဲ့ ဥယျာဉ်ခြံမြေများနှင့် လယ်ယာမြေများနှင့် ပတ်သက်ပြီးတော့ နစ်နာကြေးပေးလျော်ရန် မည်သို့သော အကြောင်းကြောင့် ကြန့်ကြာနေခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို သိရှိလိုတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာလည်း ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ဖူးပါတယ်။

သို့သော်လည်း မိမိရဲ့ ကျန်းမာရေးအခြေအနေကြောင့် လွှတ်တော်မှ ခွင့်ယူထားတဲ့အတွက် ကြယ်ပွင့်မပြမေးခွန်းအဖြစ် ပြန်လည်ဖြေကြား ပေးခဲ့ဖူးပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက် နေ့စွဲပါ စာအမှတ်၊ ၁/ခွဲ-၂ ထွေ(၂၀၁၄)လွှတ်တော် စီ(၁၄၄၅၃) စာအမှတ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးခဲ့ဖူးပါတယ်။

အဲဒီ ဖြေကြားချက်မှာဆိုလို့ရှိရင် ပဲခူးတိုင်းဒေသကြီး (၇)မြို့နယ်အနက် အုတ်တွင်းမြို့နယ်တွင် လမ်းမြေအဖြစ်အသုံးပြုခဲ့သော မြေဧရိယာများမှာ တောင်သူ(၆၃၀)ဦး၏ လယ်မြေ(၆၅၆.၂၃)ဧက၊ ယာမြေ(၂၉.၀၉)ဧက၊ ဥယျာဉ်မြေ(၁၁၀.၃၅)ဧကနှင့် မြေရိုင်းမြေ(၁၆၈.၇၅)ဧက စုစုပေါင်း (၉၆၄.၄၂) ဧကဖြစ်ပြီး အဆိုပါ မြေဧရိယာများကို အုတ်တွင်းမြို့နယ် မြေအသုံးချစီမံခန့်ခွဲရေး ကော်မတီမှစိစစ်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ စိစစ်ပြီးစာရင်းအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပါဝင်သွားခဲ့သည့်မြေအမျိုးအစားများနှင့် ပိုင်ဆိုင်သူများ စာရင်းကို အတည်ပြုနိုင်ရေးနှင့် သင့်လျော်သည့် မြေ(၁)ဧက နစ်နာကြေးငွေ ဈေးနှုန်းသတ်မှတ်ပေးနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၄)ရက် နေ့စွဲပါ စာအမှတ်၊ ၁၃/ခွဲ-၃/၂၀၁၄ စီ(၈၀၃၈)စာဖြင့် သဘောထားမှတ်ချက် တောင်းခံထားပြီး ပြန်ကြားလာမည့် သဘောထားမှတ်ချက်ပါ အချက်အလက်များအပေါ် မူတည်၍ ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လျော်ကြေးပေးချေရန်ရှိသော မြို့နယ်များအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ သဘောထားမှတ်ချက်များ ဆက်လက် တောင်းခံ ဆောင်ရွက်ထားဆဲဖြစ်ပါကြောင်းနဲ့ သဘောထားမှတ်ချက်များ စုံလင်စွာရရှိပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ရရှိပါက အမြန်ဆုံးပေးလျော် သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားပေးခဲ့ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို စုံစမ်းမေးမြန်းခဲ့ရာမှာ ၎င်းတို့အနေဖြင့် ပထမအကြိမ်တွင် လမ်းအကျယ်ပေ(၃၆၀)ဖြင့် စိစစ်တွက်ချက်၍ တိုင်းဒေသကြီးအစိုးရထံသို့ အစီရင်ခံတင်ပြခဲ့ရာ လမ်းအကျယ်ပေ(၄၀၀)ဖြင့် ပြန်လည် တွက်ချက်၍ တင်ပြရမည်ဟု လမ်းညွှန်ခဲ့သဖြင့် ၁၂-၃-၂၀၁၅ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၄/၂-ဂ/ဦး(၁)ဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လိပ်မူ၍ ပြန်လည်ပေးပို့ ထားပြီးဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။ ယခုအချိန်ထိဆိုလျှင် ယခုအချိန်ဆိုတာ ကျွန်တော်မေးခွန်းတင်ပြခဲ့တဲ့အချိန်ကို ဆိုလိုတာပါ။ တိုင်းဒေသကြီးသို့ရောက်ရှိနေသည်မှာ (၃)လခန့် ကြာမြင့်နေပြီဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရထံမှာ ကြန့်ကြာနေခြင်းလား၊ ပြည်ထောင်စု အစိုးရထံမှာ ကြန့်ကြာနေခြင်းလားဆိုတာတော့ မသိရပါဘူး။ အဲဒီအချိန်မှာပဲ ဒီလယ်ယာမြေ လျော်ကြေးနဲ့ ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအုတ်တွင်းမြို့နယ် သစ်ငုတ်တန်းကျေးရွာအုပ်စု ကိုးခွကျေးရွာမှ ဦးစိုးဝင်း နဲ့ ဦးဝင်းဇော်ဆိုသူ တောင်သူလယ်သမားနှစ်ဦးအား အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် လမ်းမြေအဖြစ် အသုံးပြုခဲ့သော လယ်မြေများအတွက် နစ်နာကြေးဟုဆိုကာ တစ်ဧကလျှင် (၁၅) သိန်းနှုန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၃-၃-၂၀၁၅ ရက်နေ့တွင် ပေးလျော်ခဲ့ကြောင်းသိရှိခဲ့ရပါတယ်။ အဲဒီအခါမှာဒီလမ်းထဲမှာပါသွားတဲ့ ကျန်တဲ့ တောင်သူလယ်သမားတွေဟာ ဒီနှစ်ဦးတည်းကိုပဲ ကွက်လျော်လိုက်တဲ့အခါကျတော့ ကျွန်တော့်ထံဖုန်းနဲ့ သော်လည်းကောင်း၊

လူကိုယ်တိုင်သော်လည်းကောင်း၊ စာနဲ့သော်လည်းကောင်း နေ့တိုင်းလာရောက်ပြီးတော့ မေးမြန်းနေတာတွေ ဖြေရှင်းနေရတာတွေဟာ မနေ့ကအထိပါပဲ။

ကျွန်တော်ဒီနေ့တော့ ကွဲပြားတဲ့အဖြေတစ်ခုတော့ သိရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံတောင်သူလယ်သမားများကိုယ်စား သိရှိလို၍ မေးမြန်းလိုသည်မှာ (က) ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရာတွင် ပဲခူးတိုင်းဒေသကြီးအုတ်တွင်းမြို့နယ်မှ လမ်းမြေအဖြစ်အသုံးပြုခဲ့သော ဥယျာဉ်ခြံမြေများနှင့် လယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်ရန် မည်သို့သောအကြောင်းကြောင့် ကြန့်ကြာနေပါသနည်း။ (ခ) လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် ကျန်ရှိနေသော တောင်သူလယ်သမားများအတွက် မည်သည့်အချိန်တွင် မည်သို့သောနှုန်းထားဖြင့် မည်ကဲ့သို့ပေးချေသွားမည်ကို သိရှိလိုပါသဖြင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံးကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၇)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းဦးမှ မေးမြန်းထားတဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရာမှာ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှ လယ်မြေအဖြစ် အသုံးပြုခဲ့သော ဥယျာဉ်ခြံမြေများနှင့် လယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်ရန် ကြန့်ကြာနေခြင်းကို သိရှိလိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ လမ်းနယ်အကျယ် (၄၀၀) ပေရှိပြီး မိုင်ပေါင်း (၃၆၆) မိုင် (၃)ဖာလုံရှည်လျားတာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းနယ်မြေအဖြစ် သိမ်းသွင်းသတ်မှတ်နိုင်ရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်း ဖောက်လုပ်ရာမှာ ပါဝင်သွားခဲ့တဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပဲခူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ အုတ်တွင်းမြို့နယ်နဲ့ ရေတာရှည်မြို့နယ်များအတွင်းမှာရှိတဲ့ ကျေးရွာများရဲ့ လယ်ယာမြေများဆုံးရှုံးသွားမှုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ စိစစ်ပြီးဖြစ်တဲ့အတွက် စိစစ်ပြီးသောဧကများအပေါ်မှာ ဧကအမှန်တကယ်ရရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၁၇-၂-၂၀၁၅ ရက်စွဲပါ စာဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ၁၃-၃-၂၀၁၅ ရက်စွဲပါဖြင့် မြို့နယ်တစ်ခုချင်း အလိုက် လမ်းနယ်ပေ(၄၀၀) အတွင်းပါဝင်သွားတဲ့ တောင်သူများစာရင်းကို ပြန်လည်စိစစ်ပြီး ညှိနှိုင်း ပေးပို့ခဲ့ရာမှာ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှာရှိတဲ့လမ်းနယ်ပေ(၄၀၀)အတွင်းမှာ ပါဝင်သွား တဲ့ တောင်သူ (၄၄၅)ဦးရဲ့ ဧရိယာမှာ (က) လယ်မြေအနေနဲ့ (၇၄၃.၅၅) ဧက၊ (ခ) ယာမြေ (၁၆.၇၅) ဧက၊ ဥယျာဉ်မြေ (၇၇.၄၇)ဧက၊ မြေလွတ်မြေရိုင်း (၂၀၁.၅၁) ဧက စုစုပေါင်း (၁၀၃၉.၂၈) ဧက ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၉-၁၂-၂၀၁၄ ရက်စွဲပါစာဖြင့် မြေ အမျိုးအစားအလိုက် အုတ်တွင်းမြို့နယ်အတွင်းရှိ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနဲ့ မြေလွတ် မြေရိုင်း များအား(၁)ဧကလျှင် ကျပ်(၁၅)သိန်းနှုန်းနဲ့ သတ်မှတ်ပေးထားပြီးဖြစ်တဲ့အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများမှ ဆုံးရှုံးသွားခဲ့တဲ့ တောင်သူ (၄၄၅) ဦးရဲ့ လယ်မြေ(၇၄၃.၅၅) ဧက၊ ယာမြေ(၁၆.၇၅) ဧက၊ ဥယျာဉ်မြေ(၇၇.၄၇)ဧက၊ မြေလွတ် မြေရိုင်း (၂၀၁.၅၁)ဧက စုစုပေါင်း (၁၀၃၉.၂၈)ဧက အတွက် လျော်ကြေးငွေ ကျပ် (၁၅၅၈.၉၂)သန်း အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုပြီး ရန်ပုံငွေမှ ယခု ဇူလိုင်လ (၂၉) ရက်နဲ့ (၃၀)ရက်နေ့များမှာ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများနဲ့အတူ လျော်ကြေးများကို ခွဲဝေပေးအပ်သွားမှာဖြစ်ပါကြောင်းလေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး နိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းအား ပြည်သူ့လွှတ်တော်တွင်စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော် သို့ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီကဖတ်ကြား တင်သွင်း ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးဝင်းမောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၂)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ ဦးဝင်းမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားမှာဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၅ - ၄၆၀

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

၁။ ပြည်သူ့လွှတ်တော်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသား လွှတ်တော် တွင် ဆွေးနွေးနိုင်ပါရန် ၂၁-၇-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များနှင့် ၂၁-၇-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ များ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့စဥ်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ခေါ်ယူရေး လုပ်ငန်းရပ်များကို ဆောင်ရွက်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဆိုသည့်စကားရပ်ကို သုံးနှုန်းခဲ့ ပါသည်။ ယခုအခါ ပြည်ထောင်စုလွှတ်တော် ပေါ်ပေါက်နေပြီဖြစ်သည့်အတွက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဆိုသည့်စကားရပ်အစား ပြည်ထောင်စုလွှတ်တော် ဆိုသည့်စကား ရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်းသည် သင့်လျော်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါ သဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတ နှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၈-၂၀၁၅(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီးပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးမောင်အေးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ကျွန်တော်မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကို လေးစားစွာဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅ - ၄၆၆
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

၁။ ပြည်သူ့လွှတ်တော်က တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၂၂-၇-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ၂၂-၇-၂၀၁၅ ရက်နေ့တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ် များနှင့်တွေ့ဆုံ၍ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) အဓိပ္ပာယ်ပိုမိုပေါ်လွင်စေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၉ ကို အပိုဒ် ၈ အဖြစ် အစဉ်ပြောင်းကာ ယင်းတွင်ဖော်ပြထားသော ဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့်အညီဆိုသည့်စကားရပ်ကို ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း (၄) အခန်းခေါင်းစဉ်တွင်ဖော်ပြထားသော စကားရပ်များ အစားတားမြစ်ချက်များဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀ ကို အပိုဒ် ၉ အဖြစ် အစဉ်ပြောင်းကာ ယင်းတွင်ဖော်ပြထားသော ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ ဆိုသည့်စကားရပ်ကို ဤဥပဒေအာဏာ တည်သည့်ရက်မှစ၍ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၁ ကို အပိုဒ် ၉ ခွဲခြင်းချက်အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသောစကားရပ်များအစား ယောကျ်ားသို့မဟုတ် မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ထိမ်းမြားခဲ့ဖူးကြောင်းကို အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း သို့မဟုတ် ယခင် အိမ်ထောင်ဘက် ကွယ်လွန်ကြောင်း ခိုင်မာသည့် အထောက်အထား တင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့် ထပ်မံ၍ထိမ်းမြားနိုင်သည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အခန်း(၅) အခန်းခေါင်းစဉ်တွင် ဖော်ပြထားသောစကားရပ်များအစားပြစ်ဒဏ်များဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၄ တွင်ဖော်ပြထားသောစကားရပ်များအစား ဥပဒေတစ်ရပ်ရပ် အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုတည်မြဲနေစဉ်

လင် သို့မဟုတ် မယားသည် အခြားသူနှင့် ထပ်မံ၍ ထိမ်းမြားခြင်းသည် ဤဥပဒေ အရ အိမ်ထောင်ရေးပြစ်မှု ဖြစ်၍ ကျန်သည့်မယား သို့မဟုတ် လင်က လင်မယား ကွာရှင်းခွင့်ရှိသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၆ တွင်ပါရှိသော စကားရပ်များအစား ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာ အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ားတစ်ဦးသည် အဆိုပါ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့် ထပ်မံထိမ်းမြားပါက တရား မဝင်ထိမ်းမြားခြင်းဖြစ်သဖြင့် နောက်မိန်းမသည် ထိုယောကျ်ား၏ အမွေကို ဆက်ခံ ခွင့်မရှိစေရ၊ နောက်မိန်းမယူသည့်ယောကျ်ားသည်လည်း ပထမမိန်းမနှင့်နောက်မိန်းမ တို့၏ အမွေကို ဆက်ခံခွင့်မရှိစေရဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၉ ကို အပိုဒ် ၁၅ ဟုအစဉ်ပြောင်းကာ ယင်းတွင်ဖော်ပြထားသော ဤဥပဒေက မထိ ခိုက်စေရဆိုသည့်စကားရပ်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက ထိခိုက်ခြင်း မရှိ စေရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၈ ပါ ဗုဒ္ဓဘာသာဝင်မိန်းမ နှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ နှင့် ညီညွတ်ပါ က တရားဝင်အတည်ဖြစ်သည်ဟူသောစကားရပ်များသည် အပိုဒ် ၂၁ ပါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူး ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရဟူသော စကားရပ်များနှင့် ဥပဒေ သဘောအရ ဆန့်ကျင်ဘက်အဓိပ္ပာယ်ပေါက်နေ၍ ယင်း အပိုဒ် ၈ ကို ပယ်ဖျက်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်းမှန်ကန်မှု ရှိစေရန် အတွက် လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့် ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ အစည်းအဝေးပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ အခြေခံပညာရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် က အခြေခံပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက အခြေခံပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆) ကျွန်တော် ဦးထွန်းမြင့် က ထောက်ခံ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာရေး ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အခြေခံပညာရေး ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အခြေခံပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော် ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

အခြေခံပညာရေး ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခြေခံပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အခြေခံပညာရေးဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အခြေခံပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးဝင်းမောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးဝင်းမောင် ဖြစ်ပါ တယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော် အခြေခံ ပညာရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အခြေခံပညာရေး ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅ - ၄၅၄
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၂၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က အခြေခံပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင် ဆွေးနွေးနိုင်ရန် ၃၀-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ၁၃-၇-၂၀၁၅ ရက်နေ့နှင့် ၁၆-၇-၂၀၁၅ ရက်နေ့များတွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေးဥပဒေကြမ်းကို လေ့လာ စိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်

(က) အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုမိုပြည့်စုံရန်အတွက် မူလဥပဒေကြမ်းတွင်ပါရှိသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆိုသည့်စကားရပ်ကို ပြည်တွင်းပြည်ပ အစိုးရ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (စ)တွင် ဖော်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပြည်ထောင်စုနယ်မြေ၊ ဆိုသည့်စကားရပ်ကို ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(န)တွင် ဖော်ပြထားသော လူ့အဖွဲ့အစည်းငယ်များ ဆိုသည့်စကားရပ်ကို လူ့အဖွဲ့

အစည်းများဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဗ) တွင် ဖော်ပြထားသော စကားရပ်များအစား အတွင်းအရည်အသွေးအာမခံမှုဆိုသည်မှာ ဌာနတွင်း ကျွမ်းကျင်ဝန်ထမ်းများဖြင့် အရည်အသွေးအာမခံခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဘ) တွင်ဖော်ပြထားသော စကားရပ်များအစား ပြင်ပအရည်အသွေးအာမခံမှု ဆိုသည်မှာ ဌာနပြင်ပကျွမ်းကျင်သူများဖြင့် အရည်အသွေးအာမခံခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ယ)တွင် ဖော်ပြထားသော သင်ယူမှုနယ်ပယ်များဆိုင်ရာ ရည်မှန်းချက်နှင့် သင်ယူမှုရလဒ်များ ဆိုသည့်စကားရပ်ကို ရည်မှန်းချက်နှင့် ရလဒ်များ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ရ) တွင် ဖော်ပြထားသော စကားရပ်များအစား ကျောင်းသားဗဟိုပြုချဉ်းကပ်နည်း ဆိုသည်မှာ ဆရာများကထိရောက်သော နည်းလမ်းများကို အသုံးပြု၍ အပြုသဘောဆောင်သော ဆရာကျောင်းသားဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ယူသူများကိုယ်တိုင် သင်ယူမှုဖြစ်ထွန်းစေရန် သင်ကြား၊ သင်ယူမှုဖြစ်စဉ်ကိုဆိုသည် ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဝ) တွင် ဖော်ပြထားသော အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ဆိုသည့်စကားရပ်ကို အခြေခံပညာရေးနှင့် နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဟ)တွင် ဖော်ပြထားသော စိတ်ပိုင်းဆိုင်ရာပံ့ပိုးသည့် အခြေအနေများ ဖွံ့ဖြိုးတိုးတက်အောင် ဆိုသည့်စကားရပ်ကို စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသည့် အခြေအနေများဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အခြေခံပညာရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် အပိုဒ် ၃၊ အပိုဒ်ခွဲ (ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် စည်းကမ်းပြည့်ဝ၍ ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံသားကောင်းများဖြစ်စေရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များအစား သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အသိအပညာကို လက်ဆင့်ကမ်းနိုင်သော နိုင်ငံသားများဖြစ်စေရန်ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (စ)တွင် ဖော်ပြထားသော သင်ကြားရေး၊ သင်ယူရေး အရည်အသွေးမြင့်မားရန် ဆိုသည့်စကားရပ်ကို သင်ကြား၊ သင်ယူမှုအရည်အသွေး မြင့်မားစေရန် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဆ) တွင်ဖော်ပြထား သော ကျောင်းကျန်းမာရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဆိုသည့် စကားရပ်ကို ကျောင်းကျန်းမာရေး လုပ်ငန်းများတွင် ကျောင်းသားများ ပါဝင် ဆောင်ရွက်ခြင်းဖြင့်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အခြေခံပညာရေးဆိုင်ရာ အခြေခံမူများချမှတ်ရာတွင် တိကျမှုရှိစေရန်အတွက် အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသော လူတိုင်းအကျုံးဝင်ပညာရေး အထူးပညာရေး အစီအစဉ်နှင့်

ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်များ အပါအဝင် ဆိုသည့်စကားရပ်ကို လူတိုင်း အကျုံးဝင်ပညာရေးအစီအစဉ်၊ အထူးပညာရေး အစီအစဉ်နှင့် ပညာရေးအထူး ဝန်ဆောင်မှုအစီအစဉ်များအရ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂ) တွင်ဖော်ပြထားသော အခြေခံပညာအဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးဆိုသည့် စကား ရပ်ကို အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော အခြေခံပညာအဆင့်နှင့် ဆိုသည့်စကားရပ်ကို အခြေခံ ပညာအဆင့်အလိုက်နှင့် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (င)တွင်ဖော်ပြ ထားသော အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ အပါအဝင် ဆိုသည့်စကားရပ် ကို အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှုအပါအဝင် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (စ)တွင် ဖော်ပြထားသော သင်ကြားသင်ယူမှုဘာသာစကား ဖြစ်ရေးနှင့် ဆိုသည့်စကားရပ်ကို သင်ကြားမှုဘာသာစကားဖြစ်ရေးနှင့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဇ)တွင် ဖော်ပြထားသော စကားရပ်များအစား ပညာသင်ယူသူတိုင်း ပြည်ထောင်စု စိတ်ဓာတ်ပြည့်ဝ၍ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့များကို မြတ်နိုးလေးစား တန်ဖိုးထားပြီး ထိန်းသိမ်းလိုစိတ်၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မြှင့်တင်လိုစိတ်တို့ အကျုံးဝင်သော တန်ဖိုးထားမှု အခြေပြုသည့် အမျိုးသားစရိုက်လက္ခဏာများဖွံ့ဖြိုးလာစေရေးဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဈ)တွင် ဖော်ပြထားသော စကားရပ်များအစား ပညာရေးစွမ်းဆောင်ရည်ကို အစဉ်စနစ်တကျ လေ့လာကြီးကြပ် အကဲဖြတ်၍ မြင့်မားလာစေရန် ဆောင်ရွက်ရေး ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဏ)တွင် ဖော်ပြထားသော ကျောင်း အကျိုးဆောင်များနှင့် ရပ်ရွာအဖွဲ့အစည်းများ ဆိုသည့်စကားရပ်ကို ကျောင်းအကျိုး ဆောင်အဖွဲ့နှင့် ရပ်ရွာ အဖွဲ့အစည်းများက ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ထ)တွင် ဖော်ပြထားသော ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးဆိုသည့် စကား ရပ်ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ခွဲ(န)တွင် ဖော်ပြထားသော တန်းညှိစံ ဆိုသည့် စကားရပ်ကို တန်းညှိပညာရေး အစီအစဉ်ဆိုင်ရာစံနှင့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) အတည်ပြုပြဋ္ဌာန်းပြီးသော အမျိုးသားပညာရေးဥပဒေနှင့် ကိုက်ညီမှုရှိစေရန် အတွက် အပိုဒ် ၇၊ အပိုဒ်ခွဲ(ဆ)၏ အောက်တွင် အပိုဒ်ခွဲ (ဇ)အဖြစ် အထူးပညာရေးအစီအစဉ် ကျောင်းများ ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ် ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)တွင် ဖော်ပြထားသော စကားရပ်များအစား မူကြိုဖွင့်ရန် ဆန္ဒ ပြုသည့် ကျောင်းများကို မြို့နယ်ပညာရေးမှူး၏ စိစစ်ထောက်ခံချက်ဖြင့် အခြေခံ ပညာဦးစီးဌာနက ခွင့်ပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ်(၂)တွင် ဖော်ပြထားသော ခွင့်ပြုချက်ဖြင့် နိုင်ငံ့ဝန်ထမ်း အဖြစ်ဆိုသည့်စကားရပ်ကို ခွင့်ပြုချက်ဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ နိုင်ငံ့

ဝန်ထမ်းအဖြစ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပြီး အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)အဖြစ် လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ (ဂ)ကို အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ဌာနသည်အသုံးစရိတ်များကို တွက်ချက်၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်း ဆိုသည့်စကားရပ်ကို ဌာနက တင်ပြလာသော အသုံးစရိတ်များကို စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြစေခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၆) ဟုပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ပုဂ္ဂလိကကျောင်းများ အတွက်ဆိုသည့် စကားရပ်ကို ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၁၀၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၇)ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အခြေခံပညာကျောင်းများတွင် ခန့်ထားမည့် ဆရာများ၏ ပညာအရည်အချင်းကို သတ်မှတ်ရန် အတွက် ဆရာအတတ်ပညာ ဦးစီးဌာနအား တာဝန်ပေးအပ်ခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၁၀၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၈)ဟုပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စဥ်ဆက်မပြတ်မြှင့်တင်ရေးတို့အတွက် ဆရာအတတ်ပညာဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ကို စဥ်ဆက်မပြတ်မြှင့်တင်နိုင်ရန် ဆရာအတတ်ပညာဦးစီးဌာနအား တာဝန်ပေးအပ်ခြင်းဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၅၈ ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၉)ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနက အခြေခံပညာဆရာများအား ယင်းတို့တာဝန်ထမ်းဆောင်နေသော အဆင့်အတွင်း တည်မြဲစွာတာဝန်ထမ်းဆောင်နိုင်ရန် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် အဆင့်အလိုက် အဆင့်တိုးမြှင့်ခြင်း၊ လစာတိုးမြှင့်ခြင်းနှင့် ချီးမြှင့်ငွေ ချီးမြှင့်ခြင်းတို့ကို ပြုနိုင်ရန် စီစဥ်ဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ (ဈ) ကို အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၀) အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၁၀ အပိုဒ်ခွဲ (က)၏ အောက်တွင် အပိုဒ် ၁၀၊ အပိုဒ်ခွဲ (ခ) အဖြစ် ဝန်ကြီးဌာနသည် အထက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ လိုအပ်သောကော်မတီ၊ ဆပ်ကော်မတီများကိုဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်ဟုအသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၁၁ ခြေဆင်းတွင်ဖော်ပြထားသော အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ဝန်ကြီးဌာနအောက်ရှိ ဆိုသည့်စကားရပ်ကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ရန် မိမိဌာနအောက်ရှိ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၁၃ အပိုဒ် ၁၂ ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော အကောင်အထည်ဖော်ရန်အတွက်ဆိုသည့်စကားရပ်ကို အကောင်အထည်ဖော်ရန်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၄ ကို အပိုဒ် ၁၃ အဖြစ် ပြင်ဆင်

ပြီး အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို စိစစ်၍ ဝန်ကြီးဌာနသို့တင်ပြခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲငယ် (၃) တွင်ဖော်ပြထားသော အသိအမှတ်ပြုရေးစသည်တို့ကိုဆိုသည့်စကားရပ်ကို အသိအမှတ်ပြုရေးတို့ကိုဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၅ ကို အပိုဒ် ၁၄ ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသောစကားရပ်များအစား အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကတင်ပြလာသော အခြေခံပညာရေးသင်ရိုးညွှန်းတမ်းစံများကို အတည်ပြုနိုင်ရန် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသို့ စိစစ်တင်ပြရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော စိစစ်တင်ပြလာသော ဆိုသည့်စကားရပ်ကို တင်ပြလာသော ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၆ ကို အပိုဒ် ၁၅ ဟု ပြင်ဆင်ပြီး အပိုဒ် ၁၅ ခြေဆင်းတွင် ဖော်ပြထားသော ဦးစီးဌာနရှိ သင်ရိုးညွှန်းတမ်းဌာနသည် ဆိုသည့်စကားရပ်ကို ဦးစီးဌာနသည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၅)ကို အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄) ဟုပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အားကစားနှင့် ကာယပညာလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရေး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၀)ကို အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၈)ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ရေးဆိုသည့်စကားရပ်ကို တိုးတက်ဖြစ်ထွန်းစေရေး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၁)ကို အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၉)ဟုပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ပေါင်းစပ်သင်ကြားနိုင်ရန် ဆောင်ရွက်ရေးဆိုသည့်စကားရပ်ကို ပေါင်းစပ်သင်ကြားနိုင်ရေး ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) အခြေခံပညာရေးစီမံခန့်ခွဲရာတွင် စနစ်တကျဖော်ဆောင်နိုင်ရန်အတွက် အပိုဒ် ၂၀ ကို အပိုဒ် ၁၈ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဦးစီးဌာနသည် သင်ကြားသင်ယူမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ကျောင်းအုပ်ကြီး၏ သင်ကြားသင်ယူမှုဆိုင်ရာ ဦးဆောင်မှုပေးခြင်း၊ သင်ယူမှုပတ်ဝန်းကျင်ကောင်း ဖြစ်လာရန် အဖက်ဖက်မှပံ့ပိုးခြင်း၊ စာသင်ခန်းကိုစနစ်တကျစီမံအုပ်ချုပ်ခြင်း၊ သင်ကြားသင်ယူမှုဆိုင်ရာ နည်းစနစ်များကို အသုံးပြုခြင်း၊ တတ်မြောက်မှုကို စနစ်တကျအကဲဖြတ်ခြင်းနှင့် မှတ်တမ်းထားရှိခြင်းတို့ကို လမ်းညွှန်ကြီးကြပ်ရမည်ဟု ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၁ ကို အပိုဒ် ၁၉ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ကျောင်းသားရေးရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဤဦးစီးဌာနသည်ဆိုသည့် စကားရပ်ကို ဦးစီးဌာနသည် ကျောင်းသားရေးရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၂ ကို အပိုဒ် ၂၀ ဟု ပြင်ဆင်ပြီး ခြေဆင်းတွင် ဖော်ပြထားသောစကားရပ်များအစား ဦးစီးဌာနသည် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်

များအစား လုပ်ငန်းအလိုက် ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ရေး၊ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သော တာဝန်ယူမှုနှင့် တာဝန်ခံနိုင်မှုရှိရေးတို့ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၃ ကို အပိုဒ် ၂၀ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ကျောင်း၊ ရုံး အဆောက်အအုံနှင့် ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာန သည်ဆိုသည့်စကားရပ်ကို ဦးစီးဌာနသည် ကျောင်း၊ ရုံးအဆောက်အအုံနှင့် ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၄ ကို အပိုဒ် ၂၂ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဦးစီးဌာနသည် တည်ဆဲ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲရေး၊ ထင်သာမြင်သာရှိရေး၊ သာတူညီမျှမှုရှိရေး၊ အဆင့်ဆင့်စစ်ဆေးခံနိုင်မှုရှိရေးတို့ကို ဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅ ကို အပိုဒ် ၂၃ ဟု ပြင်ဆင်ပြီး ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဦးစီးဌာနသည် စီမံကိန်းနှင့် စာရင်းအင်း အချက်အလက်များစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်(ခ)တွင်ဖော်ပြထားသော ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက် စနစ်ဆိုသည့်စကားရပ်ကို ပညာရေး စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော အမျိုးသား အဆင့် လူတိုင်းအတွက် ပညာရေး ဆိုသည့်စကားရပ်ကို လူတိုင်းအတွက် ပညာရေး ဆိုင်ရာ အမျိုးသားအဆင့်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(စ) မူလဥပဒေကြမ်းအပိုဒ် ၂၆ ကို အပိုဒ် ၂၄ ဟု ပြင်ဆင်ပြီး ခြေဆင်းတွင် ဖော်ပြထားသော ဆရာများအပါအဝင် ပညာရေးဝန်ထမ်းများ၏ ဆိုသည့်စကားရပ်ကို ပညာရေး ဝန်ထမ်းများ၏ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(က)တွင်ဖော်ပြထား သော စကားရပ်များအစား အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှု စံသတ်မှတ်ခြင်းနှင့် အဆို ပါ စံများနှင့်အညီ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို စီစဉ်ရေးဆွဲခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင်ဖော်ပြထားသော ဝန်ထမ်းများ ၏ဆိုသည့်စကားရပ်ကို ပညာရေးဝန်ထမ်းများ၏ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)ကိုအပိုဒ်ခွဲ(ဂ)ဟုအစဉ်ပြောင်းကာဆရာများအပါအဝင် အခြေခံပညာရေး ဝန်ထမ်းများဆိုသည့်စကားရပ်ကို ပညာရေးဝန်ထမ်းများ ဆိုသည့်စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ်ခွဲ(င)ကို အပိုဒ်ခွဲ(ဃ)ဟု အစဉ်ပြောင်းပြီးကာ ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ပညာရေးပြုပြင် ပြောင်းလဲမှုလုပ်ငန်းများ၊ အစီအစဉ်များ၊ စီမံ ကိန်းများနှင့် စီမံချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် စွမ်းဆောင်ရည် မြင့်မားရေး သင်တန်းများစီစဉ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(စ)ဟု အစဉ်ပြောင်းကာ ယင်းတွင်ဖော်ပြထားသော

စကားရပ်များအစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သင်ရိုးညွှန်းတမ်း ပံ့ပိုးမှု အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရာတွင် လမ်းညွှန် ပံ့ပိုးမှုပေးခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဆ)ဟု အစဥ်ပြောင်းကာ ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ် ၃၀ ကို အပိုဒ် ၂၆ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဦးစီးဌာနသည်အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသော မူဝါဒများနှင့်အညီ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ အရည်အသွေးအာမခံမှု စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း အခြေခံပညာ၏ အရည်အသွေးအာမခံမှု ကြီးကြပ်ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၁ ကို အပိုဒ် ၂၇ ဟုပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အခြေခံပညာရေးအဆင့်အားလုံးတွင် ပညာအရည်အသွေး အာမခံမှုအတွက် အတွင်းအရည်အသွေး အာမခံမှုနှင့် ပြင်ပအရည်အသွေးအာမခံမှု လုပ်ငန်းနှစ်ရပ် ပါဝင်သော အခြေခံပညာ အရည်အသွေးအာမခံမှုစနစ်တစ်ခု ရှိရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၂ ကို အပိုဒ် ၂၈ ဟုပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အခြေခံပညာအရည်အသွေး အာမခံမှုစနစ်တွင် ကျောင်းအဆင့်အကဲဖြတ်ခြင်း၊ ဆရာများနှင့် စီမံခန့်ခွဲအုပ်ချုပ်သူများကို အကဲဖြတ်ခြင်း၊ သင်ယူသူများ၏ အောင်မြင်မှုကို အကဲဖြတ်ခြင်း၊ တတ်မြောက်မှုစစ်ဆေးလွှာများကိုအကဲဖြတ်ခြင်း၊ သင်ရိုးညွှန်းတမ်း အကဲဖြတ်ခြင်း၊ စီမံချက်၊ စီမံကိန်းများအကဲဖြတ်ခြင်း၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်းနှင့် အခြေခံပညာရေးဆိုင်ရာ အခြေခံမှုများကို အကဲဖြတ်ခြင်းများ ပါဝင်သည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၃ ကို အပိုဒ် ၂၉ ဟုပြင်ဆင်ပြီး ခြေဆင်းတွင်ဖော်ပြထားသော စကားရပ်များအစားအတွင်း အရည်အသွေးအာမခံမှုလုပ်ငန်းကို စိစစ်အကဲဖြတ်ရာတွင်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ)တွင်ဖော်ပြထားသော စကားရပ်များအစား ကျောင်းစစ်ဆေးရေးအဖွဲ့များကို တာဝန်ပေးအပ်ခြင်းတို့ ပါဝင်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၄ ကို အပိုဒ် ၃၀ ဟု ပြင်ဆင်ပြီး ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအခြေခံပညာရေးလုပ်ငန်းများ လေ့လာကြီးကြပ်ရေးနှင့် အကဲဖြတ်ခြင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော အကဲဖြတ်မှုကော်မတီနှင့် ညှိနှိုင်းလျက်ဆိုသည့် စကားရပ်ကို အကဲဖြတ်မှုကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော ထုတ်ပြန်ကြီးကြပ်ခြင်း

ဆိုသည့်စကားရပ်ကို တင်ပြစေခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဆ)တွင် ဖော်ပြထားသော စကားရပ်များအစား ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များက လိုအပ်သောအချက်အလက်များ တင်ပြစေရန် အခြေခံပညာ ကျောင်းများ၊ ရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ်ခွဲ(ဇ)တွင် ဖော်ပြထားသော ပူးပေါင်းဆောင်ရွက်ရန်ကြီးကြပ် လမ်းညွှန်ခြင်းဆိုသည့် စကားရပ်ကို ပူးပေါင်း ဆောင်ရွက်ခြင်းဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၃၅ ကို အပိုဒ် ၃၀ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြ ထားသော အကဲဖြတ်ကော်မတီ၏ သုံးသပ်အကြံပြုချက်များကို ဆိုသည့်စကားရပ် ကို အကဲဖြတ်ကော်မတီကအတွင်း အရည်အသွေးအကဲဖြတ်မှုများနှင့် ပြင်ပ အရည် အသွေးအကဲဖြတ်မှုများအပေါ် သုံးသပ်အကြံပြုချက်များကိုဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) အထားအသိုမှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၃၆ ကို အပိုဒ် ၃၂ ဟု ပြင်ဆင်ပြီး ခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါ ကျောင်းပြင်ပပညာရေး အစီအစဉ်များအကောင်အထည်ဖော်ရန် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ် များအစား ကျောင်းပြင်ပပညာရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်စေရန်အတွက် ကျောင်းပြင်ပပညာရေးနှင့် ကျောင်းပညာရေးတို့ အပြန်အလှန်ကူး ပြောင်းနိုင်သည့် တန်းညှိပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပြင်ဆင်သည့်အပိုဒ် ၃၃ ခေါင်းစဉ်အဖြစ် တာဝန် ပေးအပ်ခြင်းခံရသော ဦးစီးဌာနသည် ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၃၈ ကို အပိုဒ် ၃၃၊ အပိုဒ်ခွဲ(က) ဟု လည်းကောင်း၊ အပိုဒ် ၃၉ ကို အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ခ)ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော အစီအစဉ် အပါအဝင် ပညာ ရေး အစီအစဉ်များကိုဆောင်ရွက်မည် ဆိုသည့်စကားရပ်ကို အစီအစဉ်တို့ ပါဝင် သော ပညာရေးအစီအစဉ်များကို ဆောင်ရွက်ရမည်ဆိုသည့်စကားရပ်ဖြင့် လည်း ကောင်း၊ အပိုဒ် ၄၀ ကို အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ဂ) ဟုလည်းကောင်း၊ အပိုဒ် ၄၁ ကို အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ဃ) အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ် များအစား ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး လုပ်ငန်းများကို ရပ်ကွက် နှင့် ကျေးရွာများတွင် ပူးတွဲ သင်ကြားနိုင်ရေးအတွက် တာဝန် ပေးအပ်ခြင်းခံရသော ဦးစီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့၏ အကူအညီကို ရယူ ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၂ ကို အပိုဒ် ၃၃၊ အပိုဒ်ခွဲ(င)ဖြင့် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ဝန်ကြီးဌာနမှ ညှိနှိုင်းပေးထားသောဆိုသည့် စကားရပ်ကို ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပြင်ဆင်သည့်အပိုဒ် ၃၄ ခေါင်းစဉ်

အဖြစ် ဝန်ကြီးဌာနသည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၄၃ ကို အပိုဒ် ၃၄၊ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျောင်းပြင်ပပညာရေးဌာနခွဲကို ဖွဲ့စည်းတည်ထောင်ပြီးဆိုသည့် စကားရပ်ကို ကျောင်းပြင်ပပညာရေးဌာနခွဲကို ဖွဲ့စည်းပြီး အဆိုပါဌာနခွဲအား လိုအပ်လျှင် အဆင့်မြှင့် ဖွဲ့စည်းနိုင်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၄ ကို အပိုဒ် ၃၄၊ အပိုဒ်ခွဲ(ခ)ဟုပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ဝန်ကြီးဌာနသည် ကျောင်းပညာရေး ဆိုသည့်စကားရပ်ကို ကျောင်းပညာရေး ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မူလဥပဒေကြမ်းအပိုဒ် ၄၇ ကို အပိုဒ် ၃၇ ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား မူကြိုပညာရေးအထူးပြု အစီအစဉ်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင်ဖော်ပြထားသော စကားရပ်များအစား မူလတန်း ပညာရေးအထူးပြု အစီအစဉ်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား အလယ်တန်းအဆင့်ဘာသာရပ်အထူးပြု အစီအစဉ်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင်ဖော်ပြထားသော စကားရပ်များအစား အထက်တန်းအဆင့်ဘာသာရပ်အထူးပြုအစီအစဉ်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၈ ကို အပိုဒ် ၃၈ ပြင်ဆင်ပြီး အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် သတ်မှတ်ထားသော ဆရာများ၏ တတ်ကျွမ်းမှု စံများနှင့်အညီ ဆရာအတတ်ပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များကို ချီးမြှင့်၍ သင်ကြားခွင့်လိုင်စင် ထုတ်ပေးသောစနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၉ ကို အပိုဒ် ၃၉ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ပေါင်းစပ်ညှိနှိုင်းရန်အတွက် ဆရာအတတ်ပညာရှင်အဖွဲ့ကို ဖွဲ့စည်းနိုင်သည်ဆိုသည့်စကားရပ်ကို ပေါင်းစပ်ညှိနှိုင်းရန်အတွက် သင့်လျော်သော အဖွဲ့တစ်ရပ်ကို ဖွဲ့စည်းနိုင်သည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အခန်း(၁၁)ခေါင်းစဉ်တွင်ဖော်ပြထားသော စကားရပ်များအစား ဆရာများ၏ တာဝန်များနှင့် အခွင့်အရေးများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၀ ကို အပိုဒ် ၄၀ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဆရာများသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သော အမြင်ရှိ ရမည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၅၁ ကို အပိုဒ် ၄၁ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဆရာများသည် မိမိလုပ်ငန်းအပေါ်တွင်တာဝန်သိစိတ်နှင့် ချစ်မြတ်နိုးစိတ်ရှိရမည့်အပြင် ကျောင်းသားများအတွက် စံနမူနာကောင်းဖြစ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၃ ကို အပိုဒ် ၄၃ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဆရာများသည် စာသင်ချိန်အတွင်း သတ်မှတ်ထားသည့် သင်ရိုး ပြီးဆုံးသည်အထိ ကျောင်းသားများ အမှန်တကယ် တတ်မြောက်စေရန်နှင့် အသိပညာ၊ အတတ်ပညာ

များနှင့် ကျွမ်းကျင်မှုရရှိစေရန်အတွက် သင်ကြားပေးရန် တာဝန်ရှိသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၅ ကို အပိုဒ် ၄၅ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော သင်ယူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုသည့်စကားရပ်ကို ဆရာများသည် သင်ယူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၇ ကို အပိုဒ် ၄၇ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ဆရာများသည် လူမှုဘဝမြှင့်တင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေဆိုသည့်စကားရပ်ကို ဆရာများသည် နိုင်ငံ့ဝန်ထမ်းဥပဒေဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း(၁၂)ခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား မိဘ သို့မဟုတ် အုပ်ထိန်းသူများ၏ တာဝန်နှင့်အခွင့်အရေးများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၀ ကို အပိုဒ် ၄၉ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစားမိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ ကျောင်းနေအရွယ် ကလေးများကို နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရ ပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေ ကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့်ပြီးမြောက်သည်အထိ သင်ယူစေရန် တာဝန်ရှိသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၄ ကို အပိုဒ် ၅၂ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျောင်းအရည်အသွေး မြင့်မားရေးတို့အတွက်  ထိရောက်စွာ ပါဝင်ပူးပေါင်းဆောင် ရွက်ရမည်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အခန်း(၁၃)ခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား ကျောင်းသားများ၏ တာဝန်နှင့်အခွင့်အရေးများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၅ ကို အပိုဒ် ၅၄ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကို လိုက်နာရန် တာဝန်ရှိသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၆ ကို အပိုဒ် ၅၅ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ကျောင်းသားများသည် ကျောင်းမှန်မှန်တက်၍ ကြိုးစားလေ့လာ သင်ယူရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၈ ကို အပိုဒ် ၅၇ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကျောင်းသားတိုင်းသည် အခမဲ့ မသင်မနေရပညာရေးအဆင့် ပြီးဆုံးသည်အထိ သင်ယူရမည်။ ထို့အပြင် အခြေခံပညာကို ပြီးဆုံးသည်အထိ သင်ယူခွင့်ရှိသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၉ ကို အပိုဒ် ၅၈ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ကျောင်းသားများသည် ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၀ ကို အပိုဒ် ၅၉ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ကျောင်းသားတိုင်းသည် အခြေခံပညာကျောင်းများတွင် စနစ်တကျဖွဲ့စည်းထားသော ကျောင်းကောင်စီ၏ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည် ဆိုသည့်စကားရပ်ဖြင့်

လည်းကောင်း၊ အပိုဒ် ၇၂ နှင့် အပိုဒ် ၇၃ တို့ကို အပိုဒ် ၆၀ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ရပ်ကွက်သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကျောင်းနေအရွယ် ကလေးများကို အခမဲ့မသင် မနေရ ပညာရေးပြီးမြောက်သည်အထိ ဝိုင်းဝန်းကူညီရမည်။ ထို့အပြင် ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၄ ကို အပိုဒ် ၆၁ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ပြည်သူလူထုသည် အခြေခံပညာရေးရည်မှန်းချက်များ၊ အခြေခံမူများကို ပေါက်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၅ ကို အပိုဒ် ၆၂ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ပြည်သူလူထုသည် အခြေခံပညာကျောင်းမရှိသော ကျေးရွာများတွင် ရပ်ရွာပညာပဒေသာဌာနများ ဖွင့်လှစ်၍ ကျောင်းပြင်ပပညာရေးနှင့် ကျောင်းပညာရေးကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးရမည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၆ ကို အပိုဒ် ၆၃ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များ အစား ပြည်သူလူထုသည် ရပ်ကွက် သို့မဟုတ် ကျေးရွာရှိပြည်သူများ လူနေမှု အဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာ မြင့်မားစေရန် ရပ်ရွာအခြေပြု ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၇ ကို အပိုဒ် ၆၄ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ပြည်သူလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက်ပံ့ပိုးမှုများနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၈ ကို အပိုဒ် ၆၅ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ပြည်သူလူထုသည် အစိုးရကျောင်းများတွင်တာဝန်ယူ သင်ကြားနေသည့် ဆရာအား အခကြေးငွေပေး၍ဖြစ်စေ၊ တံစိုးလက်ဆောင်ပေး၍ဖြစ်စေ သင်ကြားသင်ယူမှုဖြစ်စေသည့် အခြေအနေများ ပပျောက်စေရန် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၉ ကို အပိုဒ် ၆၆ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များ အစား ပြည်သူလူထုသည် မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌ အကောင်အထည်ဖော်ရာတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၅ ကို အပိုဒ် ၆၇ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား မူကြိုပညာရေး အပါ အဝင် အခြေခံပညာရေးဆိုင်ရာ နှစ်စဉ်ဘဏ္ဍာငွေ လိုအပ်ချက်ကို သက်ဆိုင်ရာဦးစီးဌာနများက ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြတောင်းခံရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၃ ကို အပိုဒ် ၆၈ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များ

အစား ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့်ကျောင်းများသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများက လှူဒါန်းသောပစ္စည်းများ၊ ငွေများနှင့် ထောက်ပံ့ကူညီမှုများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုချက်ဖြင့် လက်ခံနိုင်သည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၄ ကို အပိုဒ် ၆၉ ဟု ပြင်ဆင်ပြီး ခြေဆင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စာရင်းဇယားများကို ဆိုသည့်စကားရပ်ကို စာရင်းဇယားမှတ်တမ်းများကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၇ ကို အပိုဒ် ၇၀ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသောအသုံးစရိတ်များကို တွက်ချက်၍ဆိုသည့်စကားရပ်ကို အသုံးစရိတ်များကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၈ ကို အပိုဒ် ၇၁ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော အသုံးစရိတ်များကို တွက်ချက်၍ ဝန်ကြီးဌာနမှ တစ်ဆင့် ဆိုသည့်စကားရပ်ကို အသုံးစရိတ်များကို ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၉ ကို အပိုဒ် ၇၂ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော အသုံးစရိတ်များကို တွက်ချက်ပြီး ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့်ဆိုသည့်စကားရပ်ကို အသုံးစရိတ်များကို ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၀ ကို အပိုဒ် ၇၄ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို ပြည်တွင်းပြည်ပ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်း၍ဖြစ်စေ၊ သီးခြားဖြစ်စေ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တည်ထောင် ခွင့်ပြုရမည်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၂ ကို အပိုဒ် ၇၅ ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဦးစီးဌာနတို့သည် ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနတို့သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၉၃ ကို အပိုဒ် ၇၆ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ မူလဥပဒေကြမ်း တွင်ပါရှိသော အပိုဒ် ၁၂၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၉)၊ အပိုဒ် ၁၈၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၃၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၇၊ အပိုဒ် ၄၈၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၇၁၊ အပိုဒ် ၈၁၊ အပိုဒ် ၈၂၊ အပိုဒ် ၈၆၊ အပိုဒ် ၉၀ တို့ကို မလိုအပ်သဖြင့် ပယ်ဖျက်သင့်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ထို့အပြင်

ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၏ အနှစ်သာရကိုမပြောင်းလဲစေဘဲ မြန်မာစာသတ်ပုံနှင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်အစားထိုးပြီးဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားသည့်အပိုဒ်များနှင့် အခန်းများကိုလည်း ပြန်လည်စိစစ်ထားပါကြောင်း တင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေး ဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အခြေခံပညာရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ။** ။ အခြေခံပညာရေး ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၈-၂၀၁၅ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၅။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ပြဋ္ဌာန်းပြီးပညာရေးဥပဒေများနှင့် ခေတ်စနစ်နှင့်အညီ ကိုက်ညီမယ့် ရေးဆွဲထားသော နည်းပညာနှင့် အသက်မွေးပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အမျိုးသားလွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက နည်းပညာနှင့် အသက်မွေးပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းအား ကျွန်တော် ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၂)က ထောက်ခံပါတယ်ခင်ဗျာ။

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းပညာနှင့် သက်မွေး ပညာရေး ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ နည်းပညာနှင့် သက်မွေး ပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က နည်းပညာ နှင့် သက်မွေးပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၈။**

**ဦးစိုးမြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင်လဲဖြစ်ပါတယ်ခင်ဗျာ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနမှ တင်သွင်းလာတဲ့ နည်းပညာနှင့်သက်မွေးပညာရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၅ - ၄၅၉
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က နည်းပညာနှင့်သက်မွေးပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၃၀-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ၁၄-၇-၂၀၁၅ ရက်နေ့တွင် ဆွေးနွေး ညှိနှိုင်းခဲ့ကြပါတယ်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေကြမ်း ကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်း တစ်ရပ်လုံးတွင်ပါရှိသော ကျောင်းနှင့်ဌာနဆိုသည့် စကားရပ်များကို နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့် နည်းပညာနှင့် သက်မွေးပညာသင်ဌာနဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဍ) တွင်ပါရှိသည့် ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်၊ ဌာနနှင့် ထိုဌာနရှိ သင်ကြားသင်ယူမှု အစီအစဉ်များ ဆိုသည့်စကားရပ်ကိုနည်းပညာနှင့် သက်မွေးပညာကျောင်းနှင့် နည်းပညာနှင့် သက်မွေးပညာသင်တန်း၊ ယင်းကျောင်းနှင့် သင်တန်းများရှိ သင်ကြားသင်ယူမှု အစီအစဉ်များ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ည)တို့တွင် ပါရှိသော တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဆိုသည့် စကားရပ်ကို တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုသည့် စကားရပ်များဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ (ဈ) တွင်ပါရှိသော လုပ်သားဈေးကွက်ဆိုသည့် စကားရပ်ကို နိုင်ငံ၏ ကျွမ်းကျင်လုပ်သားဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)တွင်ဖော်ပြထားသော စကားရပ်များအစား အစိုးရနှင့် ပူးပေါင်းဖွင့်လှစ်သော ကျောင်းများအတွက် တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ရမည်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၁ ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်းလေ့လာတွေ့ရှိရပါသည်-

၁၁။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင် လေ့ကျင့်ရေးသင်တန်းကျောင်းများကို -

(က) တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက တည်ထောင် ဖွင့်လှစ်နိုင်သည်။

(ခ) သက်ဆိုင်ရာ ဥပဒေနှင့်အညီ ပုဂ္ဂလိက အဖွဲ့အစည်းများကလည်း ဖွင့်လှစ်နိုင်သည် လို့ ပြင်ဆင်ထားပါတယ်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၁၃၊ အပိုဒ်ခွဲ(က) တွင်ပါရှိသော နည်းပညာနှင့် သက်မွေးပညာရေးနှင့် သက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းဆိုသည့် စကားရပ်ကို တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ကောင်စီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီ၏အဖွဲ့ဝင်များထဲမှ ရွေးချယ်တာဝန်ပေးအပ်ရမည် ဆိုသည့် စကားရပ်ကို အပိုဒ် ၁၃၊ အပိုဒ်ခွဲ(င) အဖြစ်လည်းကောင်း၊ လိုအပ်ပါက ကောင်စီအဖွဲ့ဝင် များထဲမှ အလုပ်အမှုဆောင်အဖွဲ့ကို ဦးရေသတ်မှတ်၍ ရွေးကောက်တင်မြှောက်ခြင်း ဆိုသည့်စကားရပ်ကို အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)အဖြစ် လည်းကောင်း၊ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဍ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အရည်အသွေး စစ်ဆေးချက်အရ အသိမှတ်ပြုလက်မှတ်များထုတ်ပေးရာတွင် အမျိုးသား ပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ် ကော်မတီသို့ တင်ပြနိုင်ရန်အတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပေးခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က) ကို အခြေခံပညာ မူလတန်း အဆင့်အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အခြေခံအဆင့် နည်းပညာနှင့် သက်မွေးပညာရေးဆိုသော စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ) ကို အလယ်တန်း အဆင့်အောင်မြင်ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော အလယ်တန်းအဆင့်နည်းပညာနှင့် သက်မွေးပညာရေးဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ကို အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်ပြီးမြောက် သူများနှင့် ညီမျှသည့်အရည်အချင်းရှိသူများ တက်ရောက်နိုင်သော ဘွဲ့ကြိုဒီပလိုမာအဆင့် ပညာရေးဆိုသည့်စကားရပ်ဖြင့် လည်း

ကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၂၃ တွင် ဖော်ပြထားသောစကားရပ်များအစား ပုဒ်မ ၂၂ အရ တည်ထောင်သော နည်းပညာနှင့် သက်မွေးပညာသင်ကျောင်း၊ သိပ္ပံနှင့် သင်တန်းများသည် နိုင်ငံတော်၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများကို ဖြည့်ဆည်းပေးနိုင်ရန် မွေးထုတ်ပေးရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်း အခန်း ၉ ခေါင်းစဉ်ကို ဆရာများ၏ အရည်အချင်းနှင့် တာဝန်များ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ) နှင့် (ဃ)တို့ကို အပိုဒ် ၂၆၊ အပိုဒ်ခွဲ(က)။ (၁)၊ (၂)၊ (၃)၊ (၄) ဟုပြင်ဆင်၍ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား သက်ဆိုင်ရာပညာရပ်တွင် အထူးကျွမ်းကျင်သူဖြစ်ပါက ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လျှော့ပေါ့စဉ်းစားနိုင်သည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(င) နှင့် အပိုဒ်ခွဲ(ဆ) တို့ကို အပိုဒ် ၂၇၊ အပိုဒ်ခွဲ(က) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတို့တွင်ဖော်ပြထားသော စကားရပ်များ အစား မိမိအရည်အချင်းနှင့် သင်ကြားရေး စွမ်းရည်အစဉ်တိုးတက်စေရန် လေ့ကျင့်ဖြည့်ဆည်း၍ အခါအားလျော်စွာ ဖွင့်လှစ်သည့် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်သင်တန်းများသို့ တက်ရောက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မူလဥပဒေကြမ်း အပိုဒ် ၂၇၊ အပိုဒ်ခွဲ (င) ကို အပိုဒ် ၂၈၊ အပိုဒ်ခွဲ (ဃ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသောစကားရပ်များ အစား နည်းပညာနှင့် သက်မွေးပညာကျောင်းနှင့် နည်းပညာနှင့် သက်မွေးပညာဌာနရှိ သင်ကြားသင်ယူမှုအစီအစဉ်များသည် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု အခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့် သတ်မှတ်နိုင်ရန်နှင့် အာမခံချက်ပေးနိုင်ရန် စီစဉ် ဆောင်ရွက်ပေးရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၃ ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃၃။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

(စ) မူလဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ (ဆ)၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ၁၉ တို့တွင် ပါရှိသော အစိုးရ၊ ပုဂ္ဂလိက၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုကို သီးခြားဖြစ်စေ၊ ပူးပေါင်း၍ ဖြစ်စေဆိုသည့်စကားရပ်ကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် အစိုးရနှင့်ပုဂ္ဂလိက သီးခြားဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေဆိုသည့်စကားရပ်ဖြင့် လည်း

ကောင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ(စ) နှင့် အပိုဒ်ခွဲ (ဆ) တို့တွင်ပါရှိသော ကျောင်း၊ သိပ္ပံနှင့် သင်တန်းများ ဆိုသည့်စကားရပ်အစား နည်းပညာနှင့်သက်မွေးပညာသင်ကောလိပ်၊ သိပ္ပံ၊ သင်တန်း နှင့် ကျောင်းဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၁၃၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ် ၃၂၊ အပိုဒ်ခွဲ(ဂ) တို့ကိုမလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) မြန်မာစာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်းမှန်ကန်မှု ရှိစေရန် အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ပြောင်းလဲသွားသည့်အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့် ဖြတ်ဇယားဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နည်းပညာနှင့် သက်မွေး ပညာရေး ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေ ရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါ သဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၈-၂၀၁၅ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၇၂) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၇၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ကို ၁၂း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]